**လွှတ်တော်များဖွံ့ဖြိုးတိုးတက်ရေးနှင့် ကိုယ်စားလှယ်များ၏ စွမ်းဆောင်ရည် မြှင့်တင်ရေးဆိုင်ရာ ရှင်းလင်းဆွေးနွေးခြင်း အခမ်းအနား ကျင်းပ**

နေပြည်တော် ဇွန် ၂၃

လွှတ်တော်ကိုယ်စားလှယ်များ လုပ်ငန်းများဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် အခမ်းအနားကို ယနေ့ လွှတ်တော်အစည်းအဝေးပြီးချိန်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ သဘင်ဆောင်ခန်းမ၌ ကျင်းပ ပြုလုပ်ခဲ့သည်။

အဆိုပါအခမ်းအနားသို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့်အတူ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ Jeng Phang နော်တောင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော်ရုံးနှင့် အမျိုးသားလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ က အဖွင့်အမှာစကားပြောကြားရာတွင် လွှတ်တော်၏ လုပ်ငန်းများကို ပိုမိုထိရောက်အောင်မြင်စေရန်အတွက် လွှတ်တော်များဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ (JCC) ဖွဲ့စည်းပြီး လွှတ်တော်၏ ဂုဏ်သိက္ခာမြင့်မားရေးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ စွမ်းဆောင်ရည် မြှင့်တင်ရေးဆိုင်ရာ သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ Talk Show များကို ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၊ ပညာရှင်များနှင့် ပူးပေါင်း၍ ဆောင်ရွက်ပေးမည့် စီမံချက်များရှိပါကြောင်း၊ ဥပဒေပြုရေး၊ ဘဏ္ဍာငွေနှင့် အသုံးစရိတ်စိစစ်ရေးဆိုင်ရာ ကိစ္စရပ်များကို ပိုမိုသိရှိနားလည်နိုင်စေရန် ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်ပါကြောင်း၊ မိမိတို့လွှတ်တော်များအနေဖြင့်လည်း ဒီဂျစ်တယ်နည်းပညာများကို အသုံးပြုပြီး ခေတ်ရေစီးကြောင်းနှင့်အညီ ပိုမိုမြန်ဆန်၍ တိကျပွင့်လင်းမြင်သာသည့် E- Parliament စနစ်ကို ဖော်ဆောင်လျက်ရှိပါကြောင်း၊ လက်ရှိအနေဖြင့်လည်း လွှတ်တော်အစည်းအဝေးများ တက်ရောက်ချိန်တွင် E-Registration နှင့် E- Voting စနစ်များကို E- Parliamentရဲ့ အစိတ်အပိုင်းတစ်ခုအဖြစ်

အသုံးပြုလျက်ရှိပါကြောင်းနှင့် E- Parliament စနစ် ထိရောက်အောင်မြင် ရေးအတွက် နည်းပညာကို အသုံးပြုပြီး လွှတ်တော်နှင့်သက်ဆိုင်သည့် လုပ်ငန်းများကို စနစ်တကျ၊ အကျိုးရှိအောင် အသုံးပြုရန်လိုအပ်ပါကြောင်း ပြောကြားသည်။